# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

# Women's League of Burma

## နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့ အထိမ်းအမှတ်
## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ထုတ်ပြန်ကြေညာချက်

၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်

ယနေ့ **နိုဝင်ဘာလ ၂၅ ရက်** နိုင်ငံတကာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ ပပျောက်ရေးနေ့ တွင် ကမ္ဘာတဝှမ်းရှိ အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်း **(NGOs)** များက အမျိုးသမီးများကြုံတွေ့ရင်ဆိုင်နေရသော အကြမ်းဖက်ခံရမှုများကို ပပျောက်စေခြင်း အလို့ငှာ လှုပ်ရှားလှုံ့ဆော်မှုများ စည်းရုံးဆောင်ရွက်ကြပါသည်။

အမျိုးသမီးများအကြမ်းဖက်ခံရမှုများ ကင်းလွတ်စေရန် ကမ္ဘာတဝှမ်းရှိအစိုးရများသည် အခြေခံလူမှုအသိုင်းအဝိုင်းအဆင့်မှ နိုင်ငံတော် အဆင့်အထိ လုပ်ငန်းစဉ်ချ၍ တရားဥပဒေအရ ကာကွယ်ပေးမှုများအပါအဝင် အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးနှင့် အခြားလိုအပ်သော လုပ်ငန်းဆောင်ရွက်မှုများ လုပ်ဆောင်နေသည်ကို တွေ့ကြရသည်။

သို့သော် မြန်မာနိုင်ငံ၌မူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် နအဖစစ်အစိုးရက အစီအစဉ်ချအကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေဆဲ ဖြစ်သည်။ နအဖ စစ်အစိုးရသည် ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုဆိုင်ရာ လိုအပ်ချက်များအား လုံးဝလစ်လျူရှုထားပြီး၊ တိုင်းပြည်၏ဘဏ္ဍာငွေကိုလည်း ယင်းတို့၏ အာဏာတည်မြဲရေးကို ဦးတည်သော လုပ်ရပ်များတွင်သာ သုံးစွဲနေသည်။

နအဖ စစ်အစိုးရသည် ပြည်သူတို့၏ လူမှုဘဝပြည့်စုံဖူလုံ၍ လက်တွေ့ဘဝအဆင်ပြေချောမွေ့ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေရမည့်အစား ယင်းတို့ အလိုကျရေး၊ ဆန့်ကျင်လာနိုင်မည့် နိုင်ငံရေးအင်အားစုများကို ချုပ်ကိုင်နိုင်ရေးအတွက် တိုင်းပြည်၏ဘဏ္ဍာငွေကို အလွဲသုံးစားလုပ်နေသည်။ ယခု နိုဝင်ဘာလဆန်းတွင် နအဖစစ်အစိုးရသည် ယင်း၌ာနချုပ်မှ အရာရှိနှင့်အမှုထမ်းများကို သူတို့၏ မိသားစုများနှင့် ခွဲခွာစေ၍ ပျဉ်းမနားသို့ တရက်နှစ်ရက် အတွင်းပြောင်းရန် အမိန့်ထုတ်ကာ ခြိမ်းခြောက်မှုများသုံး၍ ပြောင်းရွှေ့စေခဲ့သည်။

နအဖစစ်အစိုးရသည် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ ပပျောက်စေရေးကို ဆောင်ရွက်မှုလုံးဝမရှိယုံသာမက အမျိုးသမီးများ၏ဆန္ဒမပါဘဲ ယင်းတို့ဖွဲ့စည်းထားသော မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အဖွဲ့ဝင်များအဖြစ် အတင်းအကြပ်သွပ်သွင်းကာ ၎င်းတို့၏ လက်ကိုင် အဖွဲ့အစည်းအဖြစ် အသုံးချနေပါသည်။ ဥပမာ – အဖွဲ့ဝင်အမျိုးသမီးများအား လူစုလူဝေး အခန်းအနားများ ကျင်းပစေပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် ပြည်တွင်းပြည်ပ အတိုက်အခံအဖွဲ့အစည်းများ၊ အိုင်အယ်အို (ILO) ကဲ့သို့သော ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများအပေါ် စွတ်စွဲပုတ်ခတ်ထားသည့် ဟောပြောချက်များကို မပြောမနေရ ပြောဆိုခိုင်းနေသည်။

နအဖ အာဏာပိုင်များသည် မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အစီအစဉ်ချ အကြမ်းဖက်မှုများအပြင် မတရားအရေးယူမှုများကို ကျူးလွန်နေဆဲဖြစ်သည်။ ယင်း၏ အဓမ္မလုပ်အားခိုင်းစေမှုများကို အိုင်အယ်အို (ILO) အား တိုင်ကြားခဲ့သည့် ကော့မှူးမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဝင် မစုစုနွေးကို ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရယက) လူကြီးများအား ခြိမ်းခြောက်ဆဲဆိုမှု ပုဒ်မများနှင့် မတရား စွဲဆိုကာ ထောင်ဒဏ်ချမှတ်ခဲ့သည်။

နအဖ အစိုးရသည် သူတို့ ထိန်းချုပ်ထားသော သတင်းမီဒီယာမှတဆင့် အကြမ်းဖက်မှုကို ဦးတည်စေမည့် သတင်းနှင့် ဝါဒများကို ဖြန့်ချီနေပါသည်။ နိုဝင်ဘာ(၁၃)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် *ကျော်မြင့်နိုင်* ဆိုသူက *"မြန်မာနိုင်ငံ ဒီမိုကရေစီရေးမှာ တွေ့ဆုံဆွေးနွေးရေးဟာ ပြဿနာရဲ့ အဖြေမှန်ကို မရနိုင်ပါ"* ဟူသော ဆောင်းပါးကို ဖေါ်ပြခဲ့သည်။ စစ်အစိုးရသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို ငြိမ်းချမ်းသောနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးလမ်းစဉ်မှ သွေဖီ၍ လုပ်ဆောင်နေသည်မှာလည်း ထင်ရှားကြောင်းနှင့် နအဖ၏ မတရားဖိနှိပ်မှုများကြောင့် ဖြစ်ပေါ်နေသော တိုင်းပြည်တွင်း ပြဿနာများသည် အိမ်နီးချင်းနိုင်ငံများသို့ ရိုက်ခတ်နေပြီး၊ အာရှဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်မှုဖြစ်နေသည်ဟု မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ သုံးသပ်ပါသည်။

မြန်မာနိုင်ငံ၏အခြေအနေကို ငြိမ်းချမ်းစွာပြုပြင်ပြောင်းလဲနိုင်ရန်နှင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများရပ်တန့်၍ မြန်မာနိုင်ငံရှိအမျိုးသမီးများ၏ ဘဝလုံခြုံစိတ်ချမှုရရှိစေရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ဒေသတွင်းနိုင်ငံများ၊ အာစီယံအဖွဲ့ဝင်နိုင်ငံများနှင့် အထူးသဖြင့် မြန်မာပြည်၏ အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံနှင့်ကူးလူးဆက်ဆံမှုများလုပ်ရာတွင် စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖေါက်မှုများကို ဝေဖန်ထောက်ပြရန်နှင့် မြန်မာနိုင်ငံတွင် စစ်မှန်သော နိုင်ငံရေးအရပြောင်းလဲမှုရရှိရေးကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးရန် အပါအဝင် အဖက်ဖက်မှ လက်တွေ့ကျကျ တွန်းအားပေးရန် အလေးအနက် တိုက်တွန်းလိုပါသည်။

**ဆက်သွယ်ရန်**


လွေးအေးနန်း – တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ၆၆ ၉ ၄၃၄ ၂၈၄၁

နော်စန္ဒာဝိုင်း – တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ၆၆ ၉ ၈၅၁၉၅၁၀

WLB, P.O Box 413, G P O Chiang Mai 50000, Thailand    Email: wlb@womenofburma.org    Website: www.womenofburma.org